FEDERAL COURT OF AUSTRALIA

OECD

ASEAN-Australia-New Zealand Free Trade Area (AANZFTA) Economic Cooperation Support Program (AECSP)

# အာဆီယံတရားသူကြီးများအတွက်ယှဉ်ပြိုင်မှုဆိုင်ရာအခြေခံ အကြောင်းအရာများ

AANZFTA ယှဉ်ပြိုင်မှုဥပဒေအကောင်အထည်ဖော်ဆောင်ရေး အစီအစဉ်တစ်စိတ်တစ်ပိုင်းအဖြစ် ပြုစုထားခြင်းဖြစ်သည်။

## ယှဉ်ပြိုင်မှုဥပဒေပါပြဌာန်းချက်အတွင်းမှ ယုံမှတ်နိုင်လောက်သောသက်သေခံချက်

## ၁။ နိဒါန်း

၁.၁ ဤလက်စွဲစာစောင်သည် -

(က) အာဆီယံအဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံချင်းစီရှိ တရားစီရင်ရေးအဖွဲ့ဝင်များ အသုံးပြုရန်အတွက် အခြေခံသဘောတရားများကို စုစည်းထားသော စာအုပ်တစ်အုပ်ဖြစ်လာစေရန်၊

(ခ) အာဆီယံအဖွဲ့ဝင်နိုင်ငံများ၌ ယှဉ်ပြိုင်မှုဥပဒေများအရ စီရင်ချက်များချမှတ်ခြင်းနှင့် ပြန်လည်သုံးသပ်မှုဖြစ်စဉ်အတွင်း ရှုပ်ထွေးသော ကျွမ်းကျင်သူသက်သေခံချက်များကို စိစစ်ရာတွင် ကြုံတွေ့ရသော အခက်အခဲများနှင့်ကိစ္စရပ်များနှင့်ပတ်သက်၍ တရားသူကြီးများအတွက် လက်တွေ့အသုံးဝင်ကာ အချက်အလက်စုံလင်သော လမ်းညွှန်ချက်တစ်ခုဖြစ်စေရန်နှင့်

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအတွင်း ဥပဒေပိုမိုတိကျမှုရှိစေသည့်၊ ပိုမို၍လျင်မြန်သွက်လက်ထိရောက်မှုရှိလာစေပြီး ဆီလျော်ကိုက်ညီမှုနှင့်ကြိုတင်မှန်းဆနိုင်မှုတို့ကို အားပေးမြှင့်တင်ပေးသည့် ယှဉ်ပြိုင်မှုဥပဒေထုံးတမ်းအား ရေးဆွဲရာတွင် အကူအညီပေးနိုင်စေရန်အပြင် အခြေခံအားဖြင့် ခိုင်မာသောယှဉ်ပြိုင်မှုမူဝါဒအား ပုံဖော်ရာ၌ အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။

၁.၂ ဤစာအုပ်ကို အာဆီယံအဖွဲ့ဝင်နိုင်ငံများရှိ ယှဉ်ပြိုင်မှုဥပဒေများအကြား ကွဲပြားမှုများနှင့် မတူညီသော ယှဉ်ပြိုင်မှု ဥပဒေအကောင်အထည်ဖော်ဆောင်ရွက်မှုအဆင့်များအပေါ် အခြေခံ၍ ပြုစုထားခြင်းဖြစ်ပါသည်။ နိုင်ငံတစ်နိုင်ငံချင်းစီနှင့်သက်ဆိုင်သော အချက်အလက်များကို ပေးအပ်ရန် ရည်ရွယ်ထားခြင်း မဟုတ်ပါ။

၁.၃ ဤစာအုပ်အား ဩစတြေးလျဖက်ဒရယ်တရားရုံးချုပ်မှ တရားသူကြီးများက OECD အဖွဲ့နှင့် ပူးပေါင်းကာ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှတရားသူကြီးများအတွက် ရေးသားပြုစုထားခြင်းဖြစ်သည်။ ယှဉ်ပြိုင်မှု

ဥပဒေအကောင်အထည်ဖော်ဆောင်ရေးအစီအစဉ် (CLIP) တစ်စိတ်တစ်ပိုင်းအဖြစ် အာဆီယံ-ဩစတြေးလျ-နယူးဇီလန် လွတ်လပ်သောကုန်သွယ်မှုဒေသ ယှဉ်ပြိုင်မှုကော်မတီ၏ဆောင်ရွက်မှုအနေဖြင့် ပြုစုထုတ်ဝေထားသော ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာလက်စွဲစာစောင်များအနက်မှ တစ်ခုလည်းဖြစ်သည်။

## ၂။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဆိုသည်မှာအဘယ်နည်း

၂.၁ သက်ဆိုင်သူတစ်ဦးသည် တရားစွဲဆိုမှုတစ်ရပ်အတွင်း အမှု/ပြဿနာရပ်ပါ အချက်တစ်ချက်ကို-

(က) အဆိုပါအချက်အား သက်သေထွက်ဆိုသည့် တိုက်ရိုက်သက်သေခံချက်ဖြင့် သို့မဟုတ်

(ခ) အမှုပါ အချက်တစ်ချက်အား ကောက်ချက်ချရန် တရားရုံးကဆင့်ခေါ်နိုင်သည့် တစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အချက်များအား သက်သေထွက်ဆိုသည့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဖြင့် သက်သေထွက်ဆိုသည့် သက်သေပြနိုင်ပါသည်။

၂.၂ တိုက်ရိုက်သက်သေခံချက်နှင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အကြား ခြားနားမှုမှာ တိုက်ရိုက်သက်သေခံချက်အနေဖြင့် အကြောင်းပြချက်ကောက်ချက်ချသည့်လုပ်ငန်းစဉ်မလိုအပ်ပါ။ လုပ်ငန်းများ မတရားပူးပေါင်းခြင်း (Cartel) နှင့် ဆိုင်သောဖြစ်ရပ်တစ်ခုတွင် တိုက်ရိုက်သက်သေခံချက်သည် လူပုဂ္ဂိုလ်များအကြား တွေ့ဆုံမှု သို့မဟုတ် ဆက်သွယ်မှုတို့အား ဖော်ထုတ်သတ်မှတ်မည်ဖြစ်ပြီး ၎င်းတို့၏ သဘောတူညီချက်အနှစ်သာရအား ဖော်ပြလိမ့်မည်ဖြစ်သည်။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်သည် အဆိုပါအရာများအား တိတိကျကျဖော်ထုတ်သတ်မှတ်မည်မဟုတ်သော်လည်း ပြုလုပ်ခဲ့သည့်သဘောတူညီချက်၊ ယင်းနှင့်သက်ဆိုင်သူ ယင်း၌ပါရှိသော အကြောင်းအရာတို့ကို ကောက်ချက်ချရန် တရားရုံးအား ခွင့်ပြုမည်ဖြစ်သည်။ ဥပမာအားဖြင့် စီးပွားရေးပြိုင်ဘက် သုံးဦးအကြား နေ့လယ်စာ စားသောက်တွေ့ဆုံပွဲတစ်ခု၌ ၎င်းတို့အနက်မှနှစ်ဦးသည် သဘောတူညီချက် ညှိနိုင်းရရှိသွားသည်ကို စားပွဲထိုးကကြားသိခဲ့ရပြီး၊ တွေ့ဆုံပွဲအပြီး၌ လူသုံးဦးတို့သည် တစ်ဦးကိုတစ်ဦး ကျောပုတ်လျက်ရှိသည်ကို မြင်တွေ့ခဲ့ရကြောင်း သက်သေခံ ထွက်ဆိုနိုင်ပါသည်။ ဤအခြေအနေသည် ယှဉ်ပြိုင်သူနှစ်ဦးအကြား သဘောတူညီချက်တစ်ရပ်၏ တိုက်ရိုက်သက်သေခံချက်ကိုသာ ပေးအပ်သော်ငြားလည်း အခြေအနေများအရ သုံးဦးသုံးဖလှယ်ပါဝင်သော Cartel သဘောတူညီချက် တစ်ခုဖြစ်နိုင်ကြောင်း တရားသူကြီးအနေဖြင့် ကောက်ချက်ချနိုင်ပါသည်။

## ၃။ ယှဉ်ပြိုင်မှုဥပဒေဆိုင်ရာအမှုကိစ္စများ၌ ယုံမှတ်နိုင်လောက်သောသက်သေခံချက်၏ အခန်းကဏ္ဍ

၃.၁ ယှဉ်ပြိုင်မှုဆိုင်ရာအမှုအခင်းများအနေဖြင့် တိုက်ရိုက်သက်သေခံချက်တစ်ခုတည်းအပေါ်သာ အခြေခံထားခြင်းမျိုး အလွန်ရှားပါသည်။ ယင်းအစား ယှဉ်ပြိုင်မှုဆိုင်ရာအမှုအခင်းများသည် အများအားဖြင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်နှင့် တိုက်ရိုက်သက်သေခံချက်နှစ်ခုစလုံးအပေါ်တွင် သို့မ

ဟုတ် ယုံမှတ်နိုင်လောက်သော သက်သေခံချက်အပေါ်တွင်သာ လုံးလုံးလျားလျား အခြေခံလေ့ရှိပါသည်။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်သည် တိုက်ရိုက်သက်သေခံချက်ရရှိနိုင်သောနေရာတွင် အဆိုပါသက်သေ၏ယုံကြည်စိတ်ချနိုင်မှုအားအကဲဖြတ်ရာ၌ တရားသူကြီးအားအကူအညီပေးနိုင်သည်။ ဥပမာ - စီးပွားရေးပြိုင်ဘက်များအကြား တွေ့ဆုံမှုတစ်ခုနှင့်ပတ်သက်သည့် တိုက်ရိုက်သက်သေခံချက်ကို ခရီးသွားလာမှုမှတ်တမ်းများကဲ့သို့ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဖြင့် အတည်ပြုပေးနိုင်သည် သို့မဟုတ် ကွဲလွဲဆန့်ကျင်နိုင်ပါသည်။

၃.၂ OECD နိုင်ငံများအားလုံးနှင့် အခြားတရားစီရင်ပိုင်ခွင့်နေရာများစွာတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် လက်ခံကြပါသည်။ ထိုအချက်က ယှဉ်ပြိုင်မှုဥပဒေစိုးမိုးရေး အောင်မြင်ရန်အတွက် ယင်းသက်သေခံချက်အမျိုးအစား၏ အရေးပါမှုအား ထင်ဟပ်စေပါသည်။

၃.၃ Cartel အမှုများတွင် အတွေ့အကြုံရှိသော လုပ်ငန်းဆောင်ရွက်သူများသည် ၄င်းတို့၏လုပ်ဆောင်ချက်မှာ ဥပဒေနှင့်ဆန့်ကျင်ကြောင်း၊ ယင်းနှင့်ပတ်သက်၍ ၄င်းတို့၏ ဖောက်သည်များက သိရှိသွားခဲ့လျှင် ဖောက်သည်များအနေဖြင့် ယင်းသို့လုပ်ဆောင်ချက်အပေါ် ကန့်ကွက်ကြမည်ဖြစ်ကြောင်း သဘောပေါက်ကြသည်။ Cartel အဖွဲ့များအနေဖြင့် ၄င်းတို့၏ လုပ်ဆောင်ချက်အား ဖုံးကွယ်ရန်နှင့် တရားဝင်ဖြစ်သော၊ မှတ်တမ်းတင်ထားသော စီစဉ်ဆောင်ရွက်မှုများအတွင်း ပါဝင်ခြင်းမှ ရှောင်ရှားရန် စီမံမှုများပြုလုပ်နိုင်ကြသည်။ လက်တွေ့တွင် တရားစီရင်ပိုင်ခွင့်အသီးသီးက Cartel အဖွဲ့များ၌ တရားဝင်မဟုတ်သော အလွတ်သဘောတူညီချက်များ၊ အသိအမှတ်ပြုမှုများ၊ “တစ်စုံတစ်ရာအပေါ် အမြင်တူညီမှုများ” ၊ သို့မဟုတ် “ဘုံသဘောတူညီသည့် အစီအစဉ်တစ်ခုအတွက် သတိပြုတာဝန်ယူကတိခံမှု” တို့ပါရှိကြောင်း သတ်မှတ်ကြသည်။ ဤသို့ဖုံးကွယ်ရန်ကြိုးပမ်းမှုက တရားဝင် Cartel သဘောတူညီချက်တစ်စောင်၏ တိုက်ရိုက်သက်သေကို မရရှိနိုင်ဟုဆိုလိုပါသည်။ ထိုသို့သောဖြစ်ရပ်များတွင် ယှဉ်ပြိုင်သူများအကြားရှိသဘောတူညီချက်အတွက် ရရှိနိုင်သော အကောင်းဆုံးသက်သေမှာ ၄င်းတို့အကြား အပြန်အလှန်ဆက်သွယ်မှုဆိုင်ရာ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ပင်ဖြစ်သည်။

၃.၄ ဥပဒေထိန်းကျောင်းရေးစနစ်သစ်တစ်ခုရှိသော သို့မဟုတ် အားကောင်းသည့်ယှဉ်ပြိုင်မှုအလေ့အထကင်းမဲ့သောနိုင်ငံတစ်နိုင်ငံသည် သက်သေခံချက်ရယူရာ၌ အထူးသဖြင့် ယှဉ်ပြိုင်မှုဆန့်ကျင်သည့်လုပ်ဆောင်ချက်အတွက် တိုက်ရိုက်သက်သေခံချက်ရယူရာ၌ အချို့သောအတားအဆီးများကို ရင်ဆိုင်ရနိုင်ခြေရှိပါသည်။ ယင်းသို့သောနိုင်ငံမျိုး၌ ထိရောက်သည့်သက်ညှာမှုအစီအစဉ်တစ်ရပ် (တိုက်ရိုက်သက်သေခံချက်၏ မူလရင်းမြစ်တစ်ခု) မရှိနိုင်ရုံသာမက သက်သေခံချက်စုဆောင်းမှုအတွက် ကူညီပေးနိုင်သည့် စီးပွားရေးဆိုင်ရာလုပ်ဆောင်ချက်တစ်ခုတွင်ပါဝင်နေသော လူပုဂ္ဂိုလ်များ သို့မဟုတ် စီးပွားရေးလုပ်ငန်းများနှင့်ပူးပေါင်းဆောင်ရွက်မှုကိုလည်း ဖော်ဆောင်နိုင်လိမ့်မည်မဟုတ်ပေ။ ထို့ပြင် Cartel သဘောတူညီချက်တစ်ခု၏ တိုက်ရိုက်သက်သေခံချက်ကို ရယူရာ၌ အတွေ့အကြုံ

နည်းပါးသော သို့မဟုတ် အာဏာပိုင်အသစ်များအနေဖြင့် အလွယ်တကူ အသုံးပြုနိုင်မည်မဟုတ်သည့် အထူးစုံစမ်းစစ်ဆေးခွင့်အာဏာများ၊ နည်းလမ်းများနှင့် နည်းစနစ်များကို လိုအပ်နိုင်ပြီး အဆိုပါအချက်က ထိုသို့သော တရားစီရင်ပိုင်ခွင့်များရှိ ယှဉ်ပြိုင်မှုဆိုင်ရာအဖွဲ့အစည်းအနေဖြင့် Cartel နှင့်သက်ဆိုင်သော အမှုအခင်းများ၌ တိုက်ရိုက်သက်သေခံချက်များ ထွက်ရှိလာစေရေးတွင် ကြီးမားသည့် အခက်အခဲရှိမည်ဖြစ်ကြောင်းနှင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် ပိုမိုအဓိကထား အားပြုသွားရမည်ဖြစ်ကြောင်း ဆိုလိုပါသည်။

၃.၅ အဖြစ်များသည့်နားလည်မှုလွဲမှားခြင်းတစ်ခုမှာ တိုက်ရိုက်သက်သေခံချက်အပေါ်အခြေခံသော အမှုကိစ္စတစ်ခုသည် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အပေါ် အခြေခံသောအမှုကိစ္စထက် သေချာပေါက် ပိုမို၍ခိုင်မာနေမည်ဟူသောအချက်ဖြစ်သည်။ ယင်းအချက်မှာအမြဲမမှန်ကန်နိုင်ပါ။ တစ်ဦးသို့မဟုတ် တစ်ဦးထက်ပိုသောမျက်မြင်သက်သေရှိသည့် တိုက်ရိုက်သက်သေခံချက်အပေါ်သာ လုံးလုံးလျားလျားအခြေခံထားသောအမှုကိစ္စတစ်ခုသည် အကယ်၍ ၎င်းတို့၏သက်သေခံချက်မှာ ယုံကြည်နိုင်လောက်ဖွယ်မရှိဟု တရားရုံးကဆုံးဖြတ်လိုက်ပါက ပြိုလဲသွားမည်ဖြစ်သည်။ ယင်းအချိန်တွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကမူ ကြောင်းကျိုးဆီလျော်သည့် အခြားမည်သည့်ကောက်ယူချက်ကိုမျှ ဖွင့်ဟထားခြင်းမရှိသော ဥပဒေဖောက်ဖျက်မှုကိုဦးတည်၍ ခိုင်ခိုင်မာမာထောက်ပြနိုင်လေသည်။

၃.၆ အမှုတစ်ခုချင်းစီအလိုက် လိုအပ်သောသက်သေအထောက်အထား သတ်မှတ်ချက်အပေါ်မူတည်၍ သက်သေခံချက်မှ ဖော်ထုတ်ပေးရန် တရားရုံးက တောင်းဆိုသော ကောက်ယူချက်တစ်ခုသည် ရရှိနိုင်သော ကြောင်းကျိုးဆီလျော်သည့် ကောက်ယူချက်တစ်ခုသာဖြစ်ရန် သို့မဟုတ် ယင်းသို့ အဖြစ်နိုင်ဆုံးကောက်ယူချက်တစ်ခုသာဖြစ်ရန် လိုအပ်နိုင်ပါသည်။

## ၄။ ယုံမှတ်နိုင်လောက်သောသက်သေခံချက်အမျိုးအစားများ

၄.၁ တရားရုံးအတွက် အကူအညီအထောက်အပံ့ဖြစ်စေနိုင်သည့် ယုံမှတ်နိုင်လောက်သော သက်သေခံချက်အမျိုးအစားအမျိုးမျိုးရှိပါသည်။ ဥပမာအားဖြင့် Cartel နှင့်ဆိုင်သော အမှုအခင်းတစ်ခုတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကို ယေဘုယျအားဖြင့် ဆက်သွယ်မှုဆိုင်ရာ သက်သေခံချက်၊ စီးပွားရေးဆိုင်ရာသက်သေခံချက်ဟူ၍ နှစ်မျိုးခွဲခြားနိုင်ပါသည်။

၄.၂ ယုံမှတ်နိုင်လောက်သော ဆက်သွယ်မှုဆိုင်ရာသက်သေခံချက်ဆိုသည်မှာ ပါဝင်သည့် အကြောင်းအရာများဟု သေချာပေါက်မပြောနိုင်သော်ငြား စီးပွားရေးပြိုင်ဘက်နှစ်ဦးအကြား ရှိခဲ့သည့် အပြန်

အလုန်ဆက်သွယ်မှုများအတွက် သက်သေခံချက်ဖြစ်သည်။ ယုံမှတ်နိုင်လောက်သော ဆက်သွယ်မှုဆိုင်ရာသက်သေခံချက်တွင် အောက်ပါတို့ပါဝင်သည် -

(က) ဖုန်းမှတ်တမ်းများ (ဖုန်းအဝင်အထွက်မှတ်တမ်းများနှင့် တည်နေရာခြေရာခံမှု အချက်အလက်များကဲ့သို့)၊

(ခ) နေ့စဉ်မှတ်တမ်း သို့မဟုတ် ပြက္ခဒိန်ရေးသွင်းမှုများ၊

(ဂ) ငွေကြေးပိုင်းဆိုင်ရာမှတ်တမ်းများ (အစားအစာ သို့မဟုတ် တည်းခိုနေထိုင်မှုပြေစာများ၊ တစ်ချိန်တည်းတစ်နေရာတည်း၌ စီးပွားရေးပြိုင်ဘက်များအားနေရာချထားခြင်းစသည်ကဲ့သို့)၊

(ဃ) အစည်းအဝေးများမှတ်တမ်းများ (ယင်းတို့၌ တက်ရောက်လာသူများနှင့် ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးမှုအကြောင်းအရာများကို မှတ်တမ်းတင်ထားနိုင်သည်)နှင့်

(င) စီးပွားရေးပြိုင်ဘက်များအကြားရှိခဲ့သည့် အပြန်အလှန်ဆက်သွယ်မှုများကို ညွှန်ပြနိုင်သော ရုံးတွင်းစာရွက်စာတမ်းများ။

၄.၃ ယုံမှတ်နိုင်လောက်သော စီးပွားရေးဆိုင်ရာသက်သေခံချက်၌ လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်နှင့် ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်တို့ပါဝင်ကြသည်။ အဆိုပါသက်သေခံချက် အမျိုးအစားနှစ်မျိုးစလုံးကို အထူးထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။

၄.၄ လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်ဆိုသည်မှာ စီးပွားရေးပြိုင်ဘက်များသည် Cartel သဘောတူညီချက်ဟုဆိုသော သဘောတူညီချက်အတိုင်း ပြုမူဆောင်ရွက်နေကြောင်းဖော်ပြနိုင်သည့် သက်သေခံချက်ဖြစ်သည်။ အကယ်၍ သာမန်ဈေးကွက်အင်အားစုများ သို့မဟုတ် ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် စီးပွားရေးလုပ်ငန်းအပြုအမူတို့ဖြင့် ရှင်းချက်ထုတ်နိုင်ခြင်းမရှိပါက လုပ်ဆောင်ချက်ဆိုင်ရာသက်သေခံချက်မှာ လက်ခံချင်စရာအကောင်းဆုံးဖြစ်လိမ့်မည်ဖြစ်သည်။ တရားသူကြီးတစ်ဦးသည် အပြုအမူတစ်ရပ်အနေဖြင့် စီးပွားရေးပြိုင်ဘက်များ၏ အရောင်းအဝယ်နှင့် စီးပွားရေးဆိုင်ရာ တစ်ဖက်သတ်အကျိုးအမြတ်များရှိခြင်းနှင့်စပ်လျဉ်း၍ မတရားညှိနှိုင်းဆောင်ရွက်မှုများ မရှိသည့်အခြေအနေတွင် ပေါ်ပေါက်လာနိုင်ခြင်း ရှိ/ မရှိကို စဉ်းစားသုံးသပ်ရမည်ဖြစ်ပါသည်။ လုပ်ဆောင်ချက်ဆိုင်ရာ သက်သေခံချက်၌ အပြိုင်လုပ်ဆောင်မှုသက်သေခံချက်၊ တင်ဒါဆောင်ရွက်မှုပုံစံများ၊ စီးပွားရေးပြိုင်ဘက်များအကြား သတင်းအချက်အလက်ဖလှယ်မှုများ၊ ကာလကြာရှည် ထူးထူးခြားခြားမြင့်မားသည့် အမြတ်ရရှိနေမှုများနှင့် ယှဉ်ပြိုင်မှုဥပဒေအား ယခင်က ချိုးဖောက်ခဲ့မှုများစသည်တို့အတွက် သက်သေခံချက်များပါဝင်မည်ဖြစ်သည်။

၄.၅ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်ဆိုသည်မှာ အချို့သော ဖွဲ့စည်းပုံဆိုင်ရာအင်္ဂါရပ်များသည် ဈေးကွက်တစ်ခုအား Cartel လုပ်ဆောင်ချက်နှင့်ပတ်သက်၍ အဘယ်ကြောင့် ပို၍ခံနိုင်ရည်မဲ့စေကြောင်းကိုရှင်းပြသည့် သက်သေခံချက်ဖြစ်သည်။ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်သက်သက်အားဖြင့် Cartel လုပ်ဆောင်ချက်တည်ရှိမှုကို ဖော်ပြရန် မလုံလောက်သော်လည်း ဈေးကွက်တစ်ခုအတွင်း ထိုသို့သောလုပ်ဆောင်ချက် ဖြစ်နိုင်ခြေအပေါ် တရားသူကြီးတစ်ဦး၏အကဲဖြတ်ချက်ကို အကျိုးသက်ရောက်နိုင်ပါသည်။ ဖွဲ့စည်းပုံဆိုင်ရာသက်သေခံချက်၌စီးပွားရေးပြိုင်ဘက်များ၏ အရေအတွက်၊ ဈေးကွက်အနေအထား၊ ဈေးကွက်အတွင်း ဝင်ရောက်ရန်အတွက်အဟန့်အတားများ၊ ဒေါင်လိုက်ပေါင်းစည်းမှု၊ ဈေးနှုန်းသတ်မှတ်သည့်အပိုင်း ပွင့်လင်းမြင်သာမှုနှင့် ထုတ်ကုန်ပစ္စည်းအမျိုးအစားတူညီမှုစသည်တို့နှင့်ပတ်သက်သည့် သက်သေခံချက်များပါဝင်နေပါသည်။ ယင်းမှာ စီးပွားရေးနှင့်ဆိုင်သည့်သက်သေခံချက်အတွက် ဖြစ်လေ့ဖြစ်ထရှိသည့် ဥပမာတစ်ခုဖြစ်ပြီး "ဘောဂဗေဒပညာရပ်" နှင့် "ကျွမ်းကျင်သူသက်သေခံချက်"ဆိုင်ရာ CLIP ယှဉ်ပြိုင်မှုလက်စွဲစာစောင်တွင် ပိုမို၍ အသေးစိတ်ဆွေးနွေးထားပါသည်။

## ၅။ သက်သေခံချက်တစ်ခုလုံးအပေါ်ခြုံငုံသုံးသပ်ခြင်း

၅.၁ ယုံမှတ်နိုင်လောက်သော သက်သေခံချက်အပိုင်းအစတစ်ရပ်သည် အချို့သောကောက်ချက်များအတွက် ဝိရောဓိဖြစ်နေနိုင်သော်လည်း (ဈေးကွက်လွှမ်းမိုးနိုင်မှုအား မလျော်မကန်အသုံးချခြင်းဆိုင်ရာ CLIP ယှဉ်ပြိုင်မှုလက်စွဲစာစောင် 5.2 ကိုလည်း လေ့လာနိုင်ပါသည်) ကောက်ချက်ပေါင်းများစွာကို ပံ့ပိုးပေးနိုင်စွမ်းရှိပါသည်။ ဥပမာအားဖြင့် ဈေးနှုန်းလျှော့ချမှုတစ်ရပ်သည် အောက်ဈေးသတ်မှတ်ခြင်းဖြစ်သည် သို့မဟုတ် ယှဉ်ပြိုင်မှုရှိသောလုပ်ဆောင်ချက်တစ်ခုဖြစ်သည် ဟူသောကောက်ယူချက်တစ်ခုကို ကြောင်းကျိုးဆီလျော်စွာချမိစေနိုင်ပါသည်။ ထိုကဲ့သို့သော အကြောင်းရင်းကြောင့် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကို လက်တွေ့နှင့်ကင်းကွာပြီး မသုံးသပ်သင့်ပါ။

၅.၂ ယုံမှတ်နိုင်လောက်သောသက်သေခံချက်မှထုတ်နုတ်ရမည့် ကောက်ချက် သို့မဟုတ် ကောက်ချက်များကို ရနိုင်သမျှသောသက်သေခံချက်များအရ တရားသူကြီးတစ်ဦးက အားလုံးကိုခြုံငုံ၍ သုံးသပ်ရမည်ဖြစ်သည်။ Cartel အမှုအခင်းများ၌ သက်သေခံချက်သည် အောက်ပါတို့အား ပြသနေပါသည် -

(က) မတူညီသောရက်စွဲသုံးခု၌ စီးပွားရေးပြိုင်ဘက်များအကြား ဖုန်းခေါ်ဆိုမှုများ၊

(ခ) ဖုန်းခေါ်ဆိုမှုတစ်ကြိမ်ပြီးဆုံးပြီးနောက် ရက်အနည်းငယ်အတွင်း အဆိုပါယှဉ်ပြိုင်ဘက်များအပြိုင်မြှင့်တင်လိုက်သည့် ဈေးနှုန်းနှင့်

(ဂ) လူတစ်စု လက်ဝါးကြီးအုပ်ချုပ်ကိုင်ထားသော ဈေးကွက်ဖွဲ့စည်းပုံ

၅.၃ အထက်ပါသာဓကတွင် တစ်ခုချင်းစဉ်းစားသုံးသပ်မှုအရ ယုံမှတ်နိုင်လောက်သော မည်သည့်သက်သေခံချက် တစ်ခုတစ်လေကမျှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုဟု ကောက်ချက်ချရန်အတွက် လုံလောက်သောအခြေခံအချက်များအား ၎င်းဘာသာပံ့ပိုးနိုင်မည်မဟုတ်ပါ။ သို့သော် အဆိုပါအချက်သုံးချက်လုံးအတွက် အကဲဖြတ်သုံးသပ်ချက်များကို စုပေါင်းခြင်းဖြင့် Cartel လုပ်ဆောင်ချက်ဟု ကြောင်းကျိုးဆီလျော်သောကောက်ယူချက်တစ်ခုအား ရရှိစေနိုင်မည်ဖြစ်သည်။ အများအားဖြင့် ယုံမှတ်နိုင်လောက်သည့် သက်သေခံချက်တစ်ခုတည်းဖြင့် ယှဉ်ပြိုင်မှုအားဆန့်ကျင်သော လုပ်ဆောင်ချက်ဟု တိကျပြည့်စုံသည့် ကောက်ယူချက်တစ်ခုကို မပေးအပ်နိုင်သောကြောင့် ယင်းကဲ့သို့ သက်သေခံချက်အပေါ် အမှီပြုနေရသည့်နေရာအတော်များများတွင် အဆိုပါထည့်သွင်းစဉ်းစားမှုမျိုးကို အသုံးချနိုင်သည်။

## ၆။ Cartel ဆိုင်ရာ အမှုအခင်းများမှ ယုံမှတ်နိုင်လောက်သောသက်သေခံချက်ဆိုင်ရာနမူနာများ

၆.၁ အောက်ပါတို့သည် ယုံမှတ်နိုင်လောက်သောသက်သေခံချက်ကို အဓိကအသုံးပြုခဲ့သည့် ဩစတြေးလျနိုင်ငံမှ Cartel ဆိုင်ရာအမှုနမူနာအချို့ဖြစ်သည် -

(က) ဟိုတယ်ပိုင်ရှင်များအကြား ၎င်းတို့၏ဘီယာဈေးနှုန်းများအား ဈေးလျှော့ပေးနေခြင်းကို ရပ်ဆိုင်းရန် သဘောတူညီမှုတစ်ရပ်၏ တိုက်ရိုက်သက်သေခံချက်သည် အဓိကသက်သေဖြစ်သူမှ ၎င်း၏ကနဦးထွက်ဆိုချက်ပေးပြီးနောက် ထပ်မံထွက်ဆိုရန်ပျက်ကွက်ခဲ့သဖြင့် အမှုစစ်ဆေးရာ၌ ပျက်ပြယ်သွားခဲ့သည်။ သို့သော် ဆက်သွယ်မှုနှင့် လုပ်ဆောင်မှုဆိုင်ရာ ယုံမှတ်နိုင်လောက်သော သက်သေခံချက်များကြောင့် အဆိုပါ ညှိနှိုင်းသဘောတူညီချက်မှာ ဖြစ်ပေါ်ခဲ့ကြောင်း ဆက်လက်၍ကောက်ချက်ရယူနိုင်ခဲ့ပါသည်။

(ခ) အစိုးရစီမံကိန်းများအတွက် တင်ဒါယှဉ်ပြိုင်သောဆောက်လုပ်ရေးကုမ္ပဏီများသည် တင်ဒါခေါ်ယူသည့်လုပ်ငန်းစဉ်အတွင်း ပူးပေါင်း၍ လိမ်လည်လှည့်ဖြားခဲ့ကြောင်း တွေ့ရှိရသည်။ တင်ဒါမအောင်လိုသောကုမ္ပဏီတစ်ခုသည် စီမံကိန်းအတွက် "cover price" ဟုသော လုပ်ကြံဖော်ပြသည့် ဈေးနှုန်းကို တောင်းခံခဲ့ပါသည်။ cover price အား တောင်းခံသောကုမ္ပဏီအနေဖြင့် အဆိုပါဈေးနှုန်းအထက် တင်ဒါတင်သွင်းမည်ဖြစ်ပြီး ယင်းဈေးနှုန်းအား ထုတ်ပေးသော ကုမ္ပဏီကမူ အဆိုပါဈေးနှုန်းအောက် တင်ဒါတင်သွင်းမည်ဟူ၍ သဘောတူညီချက်တစ်ခုရှိကြောင်း ကောက်ချက်ချခံရပါသည်။

(ဂ) လျှပ်စစ်ကေဘယ်ကြိုးထုတ်လုပ်သူတစ်ဦးသည် ရေအားလျှပ်စစ်စီမံကိန်းတစ်ခုသို့ ဗို့အားမြင့်ကုန်းတွင်းလျှပ်စစ်ကေဘယ်ကြိုးများ ရောင်းချရေးတင်ဒါခေါ်ယူမှုတစ်ခုတွင် တင်ဒါအကြံအဖန်လုပ်ရာ၌ ပါဝင်နေကြောင်း တွေ့ရှိခဲ့ပါသည်။ ဖော်ပြပါထုတ်လုပ်သူသည် စီမံကိန်း

အတွက် တင်ဒါခေါ်ယူရာ၌ ဦးစားပေးမှုတစ်ရပ်တောင်းခံခဲ့ကြောင်း၊ ထို့ကြောင့်ကမ္ဘာတစ်ဝန်း စီမံကိန်းများအား ခွဲဝေရယူရန်အတွက် ဥရောပနှင့်ဂျပန်မှ ကေဘယ်ကြိုးရောင်းချသူများ အကြား ကမ္ဘာလုံးဆိုင်ရာ Cartel အစီအစဉ်တစ်ခုအား ဖြစ်မြောက်လာစေသည်ဟု ကောက်ချက်ချခံရပါသည်။

## ၇။ ဆက်စပ်နေသောသတင်းအချက်အလက်ရင်းမြစ်များ

၇.၁ အောက်ပါသတင်းအချက်အလက်ရင်းမြစ်များသည် ယှဉ်ပြိုင်မှုဥပဒေအမှုကိစ္စများတွင် ယုံမှတ်နိုင်လောက်သောသက်သေခံချက်အား အသုံးချခြင်းနှင့်သက်ဆိုင်သော နောက်ထပ်သတင်းအချက်အလက်များကိုပေးအပ်ပါသည်။ ဤစာအုပ်အနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ တရားသူကြီးများအတွက် အထွေထွေကျမ်းကိုးတစ်ခုအဖြစ်အသုံးဝင်နိုင်ပါသည်။

- က။ OECD Competition Policy Roundtables, *Prosecuting cartels without direct evidence*, 2006
- ခ။ OECD Policy Brief, *Prosecuting cartels without direct evidence of agreement*, June 2007
- ဂ။ Justice Mansfield, *Opportunities & challenges: Evidence in cases under the Trade Practices Act 1974*,24 May 2008
- ဃ။ Australian Competition and Consumer Commission, *Cartels case studies & legal cases*
- င။ International Competition Network, *Proving agreement or concerted practice within direct evidence*